ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်၊ သောကြာနေ့၊ (5-11-2010) (၆၅၇၃)

| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေး ဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး | ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး |
| ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး | ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး | ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး |
| ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး | ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | ✻ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |



# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဂျပန်နိုင်ငံသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော်　　နိုဝင်ဘာ　　၄**

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ တခရှိ ဆိုက်တိုးသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ တခရှိ ဆိုက်တိုး ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။**
(သတင်းစဉ်)

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။
(သတင်းစဉ်)

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ အီတလီနိုင်ငံသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော်　　နိုဝင်ဘာ　　၄

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အီတလီနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး ပါအိုလို အန်ဒရီယာ ဘာတိုရဲလ်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။**

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



**ယနေ့ ကြေးမုံ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း အညွှန်း**

မကြာမီကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲကြီးသည် ဒီမိုကရေစီနိုင်ငံ ထူထောင်ရေး၏ ပထမခြေလှမ်းတစ်ရပ်ဖြစ်။

မြင့်မောင်(Phil-Q) ၏ *"ကျွန်ုပ်တို့ မဲပေးကြမည် (နိုင်ငံသားအခွင့်အရေးအား ကျင့်သုံးခြင်း)"*(ဆောင်းပါး)

စာမျက်နှာ - ၈၊ ၉ »

**ရွှေ့သို့မျှော်ရည်၊ မြန်မာပြည် ရှင်ကြည်လန်းဆန်း၊ ပန်းခင်းလမ်း မျှော်မှန်းလေ့လာ၊ မဲပေးပါ။**

ပန်းတောင်းသန်းကြွယ်၏ *"လိုက်လှဲဝမ်းသာ မဲပေးပါ"*(ကဗျာ)

စာမျက်နှာ - ၉ »



အောင်ကျော်ဖြိုး၏ *"ကောင်းမွန်တဲ့ အပြောင်းအလဲ"* (ကာတွန်း)

စာမျက်နှာ - ၈ »

**လက်ခံတွေ့ဆုံ**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အီတလီနိုင်ငံ သံအမတ်ကြီး ပါအိုလို အန်ဒရီယာ ဘာတိုရဲလ်အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။**
(သတင်းစဉ်)

ကြေးမုံ The Mirror ၅-၁၁-၂၀၁၀ (သောကြာနေ့)

## သမိုင်းတစ်ခေတ် မော်ကွန်းသစ် ဆန္ဒမဲပေးဖွင့်လှစ်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းလာရေးသည် ပြည်သူတို့၏ဆန္ဒ။ နိုင်ငံတည်ငြိမ်အေးချမ်းသာယာမှုရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းနိုင်ရေး နှစ်ပေါင်း(၂၀)ကျော်အတွင်း အားကြိုးမာန်တက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီ။

ပြည်ထောင်စုကြီး၏ တစ်နံတစ်လျား တည်ငြိမ်အေးချမ်းမှုများ လွှမ်းခြုံရရှိနေပြီ။ ဖွံ့ဖြိုးရေးအခြေခံ လမ်း၊ တံတား၊ ဆည်မြောင်း၊ တာတမံနှင့် ပညာရေး၊ ကျန်းမာရေး အခြေခံအဆောက်အအုံများ တည်ဆောက်ပေးထားပြီ။ စက်မှုနယ်မြေ၊ စက်မှုဇုန်များနှင့် စက်ရုံ၊ အလုပ်ရုံသစ်များမှ လူသုံး၊ အိမ်သုံး စက်ကိရိယာပစ္စည်းမျိုးစုံ အရှိန်အဟုန်ဖြင့် ထုတ်လုပ်နေကြပြီ။ လူ့စွမ်းအားအရင်းအမြစ်များကိုလည်း စဉ်ဆက်မပြတ် ပျိုးထောင်မွေးထုတ်ပေးနိုင်နေပြီ။

ဒီမိုကရေစီနိုင်ငံသစ် တည်ဆောက်နိုင်ရေး တစ်ဆင့်ပြီးတစ်ဆင့် လျှောက်လှမ်းကြရမည့်ကာလသို့ ရောက်ရှိလာပြီ။ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ရေးဆွဲပေါ်ထွန်းလာသော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်တည်နေပြီ။ ယင်းဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပတော့မည်။

လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကြီး ကျင်းပနိုင်ရေး အဘက်ဘက်က စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။ ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်အရွေးခံကြမည့် ကိုယ်စားလှယ်လောင်းများ တက်တက်ကြွကြွ စည်းရုံးလှုပ်ရှား မဲဆွယ်နေကြပြီ။ မဲဆန္ဒရှင်ပြည်သူများကလည်း တိုင်းကျိုးပြည်ပြု ဆောင်ရွက်နိုင်မည့် ကိုယ်စားလှယ်လောင်းများကို မှန်မှန်ကန်ကန် ရွေးချယ်မဲပေးနိုင်ရေး အသင့်ဖြစ်နေကြပေပြီ။

ကျင်းပတော့မည့် ရွေးကောက်ပွဲသည် တရားမျှတလွတ်လပ်မည်။ သန့်ရှင်းမည်။ ထင်သာမြင်သာရှိမည်။ လျှို့ဝှက်ခန်း၌ ကြိုက်နှစ်သက်သူ ကိုယ်စားလှယ်ကို ရွေးချယ်အမှန်ခြစ်မဲပေး၊ မဲပြားကို လူမမြင်စေရန် အလယ်မှခေါက်ပြီး လူမြင်ကွင်း၌ထားရှိသော မဲပုံးအတွင်း မဲထည့်ကြမည်။ မဲရုံအတွင်း မဲပေးရာ၊ မဲပုံးဖွင့်ရေတွက်ရာတို့တွင် ရွေးကောက်ပွဲဝင်သူ သို့မဟုတ် ယင်းတို့၏ ကိုယ်စားလှယ်များ အချိန်ပြည့် ရှိနေကြမည်ဖြစ်သည်။

မဲဆန္ဒရှင်များက နိုင်ငံနှင့်လူမျိုးတိုးတက်ရေး ကိုယ်ကျိုးမဖက် စွမ်းဆောင်နိုင်မည့် ကိုယ်စားလှယ်လောင်းများကို အသိတရားဖြင့် ဆင်ခြင်သုံးသပ် ဆုံးဖြတ်မဲပေးကြတော့မည်။ နိုင်ငံငြိမ်းချမ်းသာယာ ဖွံ့ဖြိုးရေးနှင့် ဒီမိုကရေစီရေးလိုလားသည့် ပြည်သူတိုင်းက မဲရုံသို့သွား၍ ဆန္ဒမဲပေးကြခြင်းဖြင့် ဒီမိုကရေစီသမိုင်းတစ်ခေတ် မော်ကွန်းသစ်ကို ဖွင့်လှစ်နိုင်မည်ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# မြန်မာကိုယ်စားလှယ်အဖွဲ့က ဦးဆောင်တင်သွင်းသည့် နျူကလီးယား လက်နက်ဖျက်သိမ်းရေး အဆိုမူကြမ်းကို (၆၅)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ ပထမကော်မတီတွင် အောင်မြင်စွာ အတည်ပြုချမှတ်နိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၄

**မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်ဖျက်သိမ်းရေး အဆိုမူကြမ်းကို ၁၉၉၅ခုနှစ် ကုလသမဂ္ဂနှစ်(၅၀)ပြည့် ရွှေရတုနှစ်မှ စတင်၍ ကုလသမဂ္ဂအထွေထွေညီလာခံတွင် ဦးဆောင်တင်သွင်းခဲ့ပြီး နှစ်စဉ် မဲခွဲဆုံးဖြတ် အတည်ပြုချမှတ်နိုင်ခဲ့သည်။**

(၆၅)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ ပထမကော်မတီတွင် မြန်မာကိုယ်စားလှယ်အဖွဲ့က ဦးဆောင်တင်သွင်းသည့် နျူကလီးယားလက်နက်ဖျက်သိမ်းရေး အဆိုမူကြမ်းကို အောက်တိုဘာ ၂၈ ရက်တွင် မဲခွဲဆုံးဖြတ်ခဲ့ရာ ထောက်ခံမဲ ၁၀၇ မဲ၊ ကန့်ကွက်မဲ ၄၄ မဲနှင့် ကြားနေမဲ ၂၀ မဲဖြင့် အောင်မြင်စွာ အတည်ပြုချမှတ်နိုင်ခဲ့သည်။ ယင်းအဆိုမူကြမ်းကို တင်သွင်းရာတွင် မြန်မာနိုင်ငံနှင့်အတူ ပူးတွဲအဆိုရှင် ၃၇ နိုင်ငံ ပါဝင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံက တင်သွင်းသည့် အဆိုမူကြမ်းတွင် ပါရှိသည့် အရေးယူဆောင်ရွက်ရန် စာပိုဒ်အမှတ်(၁၅)အား သီးခြားမဲခွဲဆုံးဖြတ်ရန် တောင်းခံခဲ့သဖြင့် မဲခွဲခဲ့ရာ ထောက်ခံမဲ ၁၃၇ မဲ၊ ကန့်ကွက်မဲ ၂၂ မဲနှင့် ကြားနေမဲ ရှစ်မဲဖြင့် အောင်မြင်မှုရခဲ့သည်။ အဆိုပါ စာပိုဒ်အမှတ်(၁၅)မှာ နျူကလီးယားလက်နက်ပြုလုပ်ရာ၌ အရေးပါသည့် Fissile Materials များ ကန့်သတ်ရေးစာချုပ်တစ်ရပ် ပေါ်ထွန်းလာစေရန်အတွက် စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်သွားရန် တိုက်တွန်းထားသည့် စာပိုဒ်ဖြစ်သည်။

အဆိုပါ စာပိုဒ်နှင့် စပ်လျဉ်း၍ EU အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကြိုတင်ပြင်ဆင်ထားမှုမရှိဘဲ မဲပေးခဲ့ရသဖြင့် ကန့်ကွက်မဲပေးခဲ့ကြကြောင်း၊ မဲပေးခဲ့ပြီးနောက်တွင်မှ အဆိုပါစာပိုဒ်အား ၎င်းတို့အနေဖြင့် ထောက်ခံမဲပေးရန် ဆန္ဒရှိကြောင်းနှင့် ထောက်ခံမဲအဖြစ် ပြောင်းလဲပေးပါရန် အနောက်ဥရောပနိုင်ငံ ၁၉ နိုင်ငံတို့က တစ်နိုင်ငံချင်းအလိုက် မေတ္တာရပ်ခံခဲ့ကြသည်။ သို့ဖြစ်၍ အဆိုပါစာပိုဒ်အတွက် ထောက်ခံမဲ ၁၅၄ မဲ၊ ကန့်ကွက်မဲ သုံးမဲနှင့် ကြားနေမဲ ရှစ်မဲ အထိ တိုးတက်ထောက်ခံအတည်ပြုနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## Golf Masters Magazine Readers Tournament 2010 (ရန်ကုန်) ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၄

**HAN Golf Masters Pte., Ltd. (ရန်ကုန်)က စီစဉ်ထုတ်ဝေသော Golf Masters Magazine ကို ဖတ်ရှုအားပေးကြသည့် စာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် Golf Masters Magazine Readers Tournament 2010 (ရန်ကုန်) ဂေါက်သီးရိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာဂေါက်ကလပ်(၉)မိုင်၌ ကျင်းပသည်။**

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ VITABIOTICS Co., မှ ဦးထွန်းထွန်းဦးက ကျင်းအမှတ်(၅)တွင် ၅ ပေ ၈ လက်မဖြင့် Nearest Pin ဆုရရှိသော ဇင်မင်းသူအား လည်းကောင်း၊ Golf Masters Magazine အယ်ဒီတာချုပ် ဦးစိုးမြင့်က ကျင်းအမှတ်(၁၇)တွင် ၄ ပေ ၇ လက်မဖြင့် Nearest Pin ဆုရရှိသော သိန်းအောင်အားလည်းကောင်း၊ HAN Golf Masters Pte., Ltd. မှ ဒါရိုက်တာ ဦးကိုကိုလေးက ကျင်းအမှတ်(၁၈)တွင် ကိုက် ၂၉၀ ဖြင့် Longest Drive ဆုရရှိသော နွေကိုကိုအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။



ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအပြီးတွင် ဆုရရှိသူများကို တွေ့ရစဉ်။
(ဟန်ဂေါက်မာစ်တာ)

ဆက်လက်၍ မြန်မာဂေါက်ကလပ် Club Captain ဦးစိုးဝင်းက Division (B) H' Cap(17-24) အတန်းတွင် ပဋ္ဌမဆု ရရှိသော ဘုန်းဇော် အသားတင်ရိုက်ချက် ၇၂ ချက်၊ စတုတ္ထဆုရရှိသော စိုးမြင့်(HAN Golf Masters) အသားတင် ရိုက်ချက် ၇၂ ချက်၊ တတိယဆုရရှိသော ဝင်းနိုင် အသားတင်ရိုက်ချက် ၇၀၊ ဒုတိယဆု ရရှိသော အောင်ဝင်းသန်း အသားတင်ရိုက်ချက် ၇၀၊ ပထမဆု ရရှိသော ဦးချို့အောင် အသားတင်ရိုက်ချက် ၇၀ တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် HAN Golf Masters Pte., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်လှဟန်က Division (A) H' Cap(0-16) အတန်းပြိုင်ပွဲတွင် ပဥ္စမရရှိသော ကိုဇော်ဇော် အသားတင်ရိုက်ချက် ၆၉ ချက်၊ စတုတ္ထဆု ရရှိသော တင်အောင်ဌေး အသားတင်ရိုက်ချက် ၆၉ ချက်၊ တတိယဆုရရှိသော ဇင်မင်းသူ အသားတင်ရိုက်ချက် ၆၈ ချက်၊ ဒုတိယဆုရရှိသော ချစ်မင်းစံ အသားတင်ရိုက်ချက် ၆၈ ချက်၊ ပထမဆုရရှိသော နိုင်ရဲလင်း အသားတင်ရိုက်ချက် ၆၇ ချက်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Nivea (Men Product), VITABIOTICS, Dagon Brewery Ltd. Grand Royal Premium Drinking Water, Royal Furniture, OGAWA နှင့် မြန်မာဂေါက်ကလပ်(၉)မိုင်တို့မှ ထပ်မံ၍ ပံ့ပိုးကူညီကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၄**

၂၀၁၀ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဖျာပုံ၊ မအူပင်၊ မြောင်းမြ၊ ပုသိမ်၊ ဟင်္သာတ၊ လပွတ္တာခြောက်ခရိုင် ကာယဗလမောင်နှင့် ၂၆ မြို့နယ် ကာယအလှမယ်ပြိုင်ပွဲကို အောက်တိုဘာ ၃၀ ရက် ည ၇ နာရီတွင် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပပြီး ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်တင်တင်လတ်၊ ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြကြိုင်နှင့် တာဝန်ရှိသူများက ဆုရရှိကြသူများအား ဆုချီးမြှင့်ကြကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၅-၁၁-၂၀၁၀ (သောကြာနေ့)**

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်+ဝဋ္ဋသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ကုသိုလ်ဖြစ်အောင်နေ" တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာကိတ္တိသာရ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၆၅)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၃၂)**
- ၈း၅၀ Memories of the 1980's Music Concert (Part-5)
- ၉း၂၅ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ အေဝမ်းကြည်အေး) (အပိုင်း-၂)
- ၉း၄၅ သင့်မိသားစုကျန်းမာရေး ဂလိုဘယ်(လ်)ပဲဆီသန့်ဦးစားပေး
- ၁၀း၀၅ တိကျတဲ့အချိန်တိုင်းအတွက်
- ၁၀း၂၀ ဘဝအတွက်အားထားရာ EAC
- ၁၀း၃၅ MNL Preview
- ၁၁း၀၀ ရန်ကုန်မြင်ကွင်းကျယ် (LOLANE ဝါကျွတ်အထူးဈေးရောင်းပွဲနှင့် ကုန်ပစ္စည်းမိတ်ဆက်ပွဲ)
- ၁၁း၁၀ သူတို့ဘဝသူတို့ဟာသ (ဦးဆိုနီ)
- ၁၁း၃၀ Activities In The City (Current Management of HCC)
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကစား"(အပိုင်း-၂၀)
- ၁၂း၁၀ ဂီတသံစဉ်များပျံ့လွင့်ရာ ဂစ်တာကမ္ဘာ
- ၁၂း၃၀ ရန်ကုန်မြင်ကွင်းကျယ် (ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (Unicef) မြန်မာ၏ နှစ် ၆၀ ပြည့်အထိမ်းအမှတ်ပန်းချီဆုပေးပွဲနှင့်ပြပွဲဖွင့်လှစ်ခြင်းအခမ်းအနား)
- ၁၂း၄၅ ကော့ကရိတ်မြို့နယ်မှ ပွင့်လန်းနေသောပန်းကလေးများ
- ၁း၀၀ "ကုသိုလ်ဖြစ်အောင်နေ" တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာကိတ္တိသာရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃း၁၀ မွေးရန့်တို့ဖြင့်ထုံမွမ်းအပ်သော
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၆၅)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၃၂)**
- ၅း၀၀ The Champion of Dance
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကစား"(အပိုင်း-၂၀)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၆၆)**
- ၇း၀၅ Memories of the 1980's Music Concert (Part-6)
- ၇း၃၅ Wedding Season (Part-3)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ဒီမိုမွေးနေ့ (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၃၃)**
- ၁၀း၂၀ အနုပညာမိုးကောင်းကင်
- ၁၀း၄၅ ဂီတသရုပ်ပြခန်း (ရတနာမိုင်-မရှိလို့မဖြစ်)
- ၁၁း၁၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့်ဆွေးနွေးခန်း)
- ၁၁း၃၅ ဖက်ရှင်လမ်းညွှန် (Julia Skin Care & VOV Cosmetics)
- ၁၂း၀၀ VJ Choice
- ၁၂း၂၅ သူတို့ပြောတဲ့သူတို့အကြောင်း (ကျော်ကျော်ဗိုနှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
- ၁၂း၅၀ ခရီးတစ်ထောက်နားခိုစရာ
- ၁၂း၅၅ နည်းစနစ်မှန်မှန်ကော်ဖီစိုက်ပျိုးရန်
- ၁း၁၅ လူငယ် IT ပညာရှင်များနှင့် Software Engineering
- ၁း၄၀ World of Knowledge (Flight of the Elephant)
- ၂း၃၀ လှပချစ်စရာလက်မှုအနုပညာ (Pretty in Day & Night)
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ ရှေ့သို့ရည်မှန်းမြန်မာ့စက်မှုလုပ်ငန်း (ခေတ်မီအစားထိုး Steel ပစ္စည်းအမျိုးမျိုး)
- ၄း၃၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ငါးအသားလွှာပဲငါးပိနှင့်ငါးရှဉ့်ခြောက်စပ်)
- ၄း၄၅ ကလောဈေးနေ့
- ၄း၅၀ စေတီတို့ရဲ့နောင်တော် တွံတေးရွှေဆံတော်
- ၅း၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

### FA Cup ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၁၀ | Rochdale - FC United of Manchester | STAR SPORTS(Live) |



## လက်ခံတွေ့ဆုံ

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး မစ္စတာ တခရှိ ဆိုက်တိုးအား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်း-ရွှေ့ဖုံး) (သတင်းစဉ်)



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အီတလီနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီး ဖြစ်သော သံအမတ်ကြီး ပါအိုလိုအန် ဒ ရီ ယာဘာတိုရဲလ် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေး အပ် စဉ်။**

(သတင်းစဉ်)

**❖ ရွှေ့ဖုံးမှ**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၅-၁၁-၂၀၁၀ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၁။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၄၀ ၃။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၄း၄၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၅၀ ၅။ မဟာဂီတချိုကြည်မြ
- ၅း၀၀ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၅း၁၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅း၂၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့်တောတွင်းတိရစ္ဆာန်များ -မီးခိုးရောင်ဝံပုလွေ (အပိုင်း-၁)
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆း၃၀ ၁၄။ "ရွာ"ဟာသဇာတ်လမ်းတွဲ
- ၆း၄၅ ၁၅။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
- ၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ်လှည်းကလေး (အပိုင်း-၆၅)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ဘယ်လိုမဲပေးကြမှာလဲ
- ၂၀။ ဒီမိုမွေးနေ့ -ရှက်တယ်၊ အေးအေးခိုင်နှင့် သရုပ်ဆောင်များ
- ၂၁။ နိုင်ငံတကာသတင်း
- ၂၂။ မိုးလေဝသသတင်း
- ၂၃။ သံစဉ်များနှင့်ကမ္ဘာ
- ၂၄။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
- ၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကျွန်းအလှနှင့်ဘဝကဗျာ (အပိုင်း-၁)**
- ၂၆။ ကျန်းမာခြင်းရဲ့လျှို့ဝှက်ချက်
- ၂၇။ သင့်အတွက်မနက်ဖြန်
- ၂၈။ အပိတ်နှုတ်ဆက်စကား
- ၂၉။ ပြီးပါပြီ။

## စက်မှုဇုန် စက်ရုံလုပ်သားများအား လုပ်ငန်းခွင်ကျန်းမာရေးစောင့်ရှောက်ပေးမှု ဝန်ကြီး ဦးအောင်ကြည် ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၄

**အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်သည် အောက်တိုဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် တောင်ဒဂုံစက်မှုဇုန်ရှိ Earth Industrial လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိ၍ အဆိုပါစက်ရုံမှ အလုပ်သမား ၄၉၀ တို့အား လူမှုဖူလုံရေးအဖွဲ့ ရန်ကုန်အလုပ်သမားဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဦးဆောင်သော အထူးကုဆရာဝန်အဖွဲ့က လုပ်ငန်းခွင်အရောက် ကွင်းဆင်း၍ စက်ရုံလုပ်သားများအား ကျန်းမာရေးစစ်ဆေး ကုသပေးနေမှု၊ မေးခိုင်ကာကွယ်ဆေးထိုးပေးနေမှုနှင့် လုပ်ငန်းခွင်အတွင်း လုပ်သားများတာဝန်ထမ်းဆောင်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။**

အဆိုပါစက်ရုံသည် ခေတ်မီလျှပ်စစ်ပစ္စည်း အစိတ်အပိုင်းများအား CMP စနစ်ဖြင့် ထုတ်လုပ်လျက်ရှိသော စက်ရုံဖြစ်သည်။ စက်ရုံ၌ လုပ်သားများ ကျွမ်းကျင်မှုအဆင့်မြင့်တင်ရေးအတွက် စက်ရုံတွင်း သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိရာ ဝန်ကြီးသည် အခြေခံအဆင့်သင်တန်းဖွင့်လှစ်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်ရုံအတွင်း ဖွင့်လှစ်ထားသော အရေးပေါ်ဆေးခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ လူမှုဖူလုံရေးအဖွဲ့ အထွေထွေမန်နေဂျာ ဦးစောနိုင်က စက်ရုံအရေးပေါ်ဆေးခန်းအတွက် လိုအပ်သည့် ဆေးဝါးများကို စက်ရုံမှူးနှင့် ဆေးခန်းတာဝန်ခံတို့အား ဖြည့်ဆည်းပေးအပ်သည်။

ထို့နောက် ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခိုင်ချိုမြင့်က အဆိုပါစက်ရုံရှိ လုပ်သားများအား လူမှုဖူလုံရေးအဖွဲ့မှ ဆောင်ရွက်ပေးနေသည့် လုပ်ငန်းခွင်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် စပ်လျဉ်းသည်တို့ကို လည်းကောင်း၊ တိုင်းမန်နေဂျာ ဒေါ်နွဲ့နွဲ့ရီက လူမှုဖူလုံရေးဆိုင်ရာ အကျိုးခံစားခွင့်များ အကြောင်းကို လည်းကောင်း ရှင်းလင်းဟောပြောခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၄

**ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ကိုယ်စား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင် တက်ရောက် လက်ခံသည်။**

အဆိုပါအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများက ငွေကျပ် ၉၅၇၃၂၀၀ နှင့် ငွေကျပ် ၈၁၂၃၇၃၀၀တန်ဖိုးရှိ စားသောက်ကုန်၊ အဝတ်အထည်၊ ဆေးဝါးမျိုးစုံနှင့် သိရီသုဓမ္မမဏိဇောတဓရ ဒေါက်တာကျော်စောနှင့် ဇနီး ဒေါ်မေမျိုးမြတ်၊ သားမောင်အောင်ခန့်ကျော်၊ သမီး ဆုမြတ်နိုးကျော် မိသားစု စာပန်းအိမ်(ပြင်ဦးလွင်)က ငွေကျပ်သိန်း ၂၀ တို့ကို ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ဆိုင်ကလုန်းမုန်တိုင်း ဂီရိ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ လှူဒါန်းသော ငွေကျပ် ၉၅၇၃၂၀၀နှင့် ငွေကျပ် ၈၁၂၃၇၃၀၀ တန်ဖိုးရှိ စားသောက်ကုန်၊ အဝတ်အထည်နှင့် ဆေးဝါးမျိုးစုံတို့ကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင် လက်ခံစဉ်။**

(သတင်းစဉ်)

## ကွမ်းခြံကုန်းမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲက ကျင်းပသည့် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် မဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ထပ်ဆင့်ရှင်းလင်းပွဲကို အောက်တိုဘာ ၂၉ ရက်တွင် ကွမ်းခြံကုန်းမြို့ ဇာတိမာန်ခန်းမ၌ ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးလှဝင်းက ရွေးကောက်ပွဲတွင် အဖွဲ့ခွဲဝင်များ လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများကိုလည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဇော်သိန်းက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ လုပ်ငန်းလမ်းညွှန်မှုများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ စုစုပေါင်း ၄၀၀ ကျော် တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကျောက်ဖြူမြို့သည် ပင်လယ်ပြင်နှင့် ဆက်စပ်နေသည့် ဒေသဖြစ်၍ သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုများမဖြစ်ရအောင် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို စီမံချက်များအတိုင်း ဇာတ်တိုက်လေ့ကျင့်

◆ကျောဖုံးမှ

ညီညွတ်စွာ နေထိုင်စားသောက်ရေး ကြပ်မတ်ပညာပေး ဆောင်ရွက်ရန်နှင့် နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်သည့် ရောဂါများ မဖြစ်ပွားရေး အလေးဂရုပြု ဆောင်ရွက်ရန် မှာကြားသည်။

**တွေ့ဆုံအားပေး**

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကယ်ဆယ်ရေးစခန်းရှိ ယာယီစုဝေးဆောင်၌ လေဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အားပေးအမှာစကားပြောကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**အသုံးအဆောင်များပေးအပ်**

ယင်းနောက် ဗိုလ်ချုပ်လှမင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း၊ ဝန်ကြီး ဦးမောင်မောင်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းနှင့် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်တို့က ငါးဖမ်းပိုက်၊ ကျောင်းဝတ်စုံ၊ ဆေးဝါးများနှင့် အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျွန်းသာယာကျေးရွာမှ ရဟတ်အသင်းမှ ပေးပို့သည့် ဆန်၊ မိုးကာစနှင့် မိုးကာတဲများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ကယ်ဆယ်ရေးစခန်း၌ နေထိုင်လျက်ရှိကြသော လေဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး လူသုံးကုန်ပစ္စည်းနှင့် စားသောက်စရာများ ရရှိမှု အခြေအနေကို မေးမြန်းကာ အားပေးစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဗိုလ်ချုပ်လှမင်းတို့သည် ကယ်ဆယ်ရေးစခန်းမှ လေဘေးသင့်ပြည်သူများအတွက် ဆန်အိတ်များကို ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ခတ်မီ ကြိုတင်သတိပေးလုပ်ငန်းများ ဆောင်ရွက်မှု၊ မုန်တိုင်းတိုက်ခတ်စဉ် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် အခြေအနေ၊ မုန်တိုင်းလွန်ကာလ မြို့သန့်ရှင်းရေးဆောင်ရွက်မှု၊ ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ အိုးမဲ့အိမ်မဲ့ဖြစ်သွားသူများအား စောင့်ရှောက်မှု၊ ပြန်လည်နေရာချထားမှု အခြေအနေများနှင့် မိမိတို့မြို့နယ်မှ အလှူရှင်များက ကျန်လေဘေးသင့်မြို့နယ်ဒေသများသို့ ပံ့ပိုးကူညီရန် လှူဒါန်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းက မုန်တိုင်းဒဏ်



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကျောက်ဖြူမြို့ မြို့တော်ခန်းမ၌ လေဘေးသင့်ကျေးရွာများ ဆက်သွယ်ပြောဆိုနိုင်ရေးအတွက် CDMA-450 တယ်လီဖုန်းနှင့် အဝတ်အထည်များကို ပေးအပ်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကျောက်ဖြူမြို့ မြို့မအားကစားကွင်း၌ ဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းတွင် လေဘေးသင့်ပြည်သူများအတွက် ဆန်အိတ်များကို ပေးအပ်စဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ကျေးရွာများ၌ ဆက်သွယ်ရေးလုပ်ငန်းများ အဆင်ပြေစွာ ဆက်သွယ်အသုံးပြုနိုင်ရန် CDMA-450 တယ်လီဖုန်းများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံသည်။

ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ကျောက်ဖြူမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျောက်ဖြူမြို့ မြို့မအားကစားကွင်း၌ ဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး မြန်မာနိုင်ငံ ကြက်ခြေနီ

နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျောက်ဖြူမြို့ မြို့တော်ခန်းမ၌ ကျင်းပသော လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်သည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ကျောက်ဖြူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက မုန်တိုင်း မတိုက်ကြောင့် ပျက်စီးခဲ့သည့် စာသင်ကျောင်းများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် နယ်မြေခံရေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီး တင်အောင်စန်းက မုန်တိုင်းဒဏ်ကြောင့် ပြင်ဖြူမော် ရေတားတမံ ပျက်စီးမှုနှင့် ပြန်လည်ပြုပြင်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ကျောက်ဖြူမြို့သည် ပင်လယ်ပြင်နှင့် ဆက်စပ်နေသည့် ဒေသဖြစ်၍ သဘာဝဘေး အန္တရာယ်ကြောင့် ဆုံးရှုံးမှုများ မဖြစ်ရအောင် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများကို စီမံချက်များ ရေးဆွဲထားသည့်အတိုင်း ဇာတ်တိုက်လေ့ကျင့်ခြင်း၊ မုန်တိုင်းသတင်း ရရှိပါက သတိပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ပြည်သူများအနေဖြင့်လည်း တာဝန်ရှိသူများ၏ သတိပေးမှု၊ စီမံခန့်ခွဲမှုများအတိုင်း လိုက်နာဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်က လေဘေးသင့်ကျေးရွာများ ဆက်သွယ်ပြောဆိုနိုင်ရေးအတွက် CDMA-450 တယ်လီဖုန်းနှင့် အဝတ်အထည်များကိုပေးအပ်ရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ဗိုလ်ချုပ်လှမင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း၊ ဝန်ကြီး ဦးမောင်မောင်ဆွေ၊ ဝန်ကြီး ဦးစိုးသိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေနှင့် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်တို့က ဆန်အိတ်များ၊ မိုးကာစများ၊ ကျောင်းဝတ်စုံများ၊ ဆေးဝါးများနှင့် အဝတ်အထည်များကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

**လှည့်လည်ကြည့်ရှု**

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျောက်ဖြူမြို့အတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် သန့်ရှင်းရေးဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်ဖြူမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး မာန်အောင်မြို့သို့ရောက်ရှိကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့☆





**မုန်တိုင်းသတင်းရရှိပါက သတိပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ပြည်သူများအနေဖြင့်လည်း တာဝန်ရှိသူများ၏ သတိပေးမှု၊ စီမံခန့်ခွဲမှုများအတိုင်း လိုက်နာဆောင်ရွက်။**

**ကြည့်ရှုစစ်ဆေး**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကျောက်ဖြူမြို့ မြို့မအားကစားကွင်း၌ ဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပေးပို့သော ဆန်၊ မိုးကာစနှင့် မိုးကာတဲများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)





နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကျောက်ဖြူမြို့ မြို့မအားကစားကွင်း၌ ဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းတွင် လေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

☆စာမျက်နှာ ၄ မှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မာန်အောင်မြို့ အောင်ဇေယျခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ မာန်အောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်က မုန်တိုင်းအန္တရာယ် ကြိုတင်သတိပေးဆောင်ရွက်ခဲ့မှုနှင့် ကြိုတင်စီမံထားသည့် လုပ်ငန်းများအတိုင်း ပြည်သူများ လိုက်နာဆောင်ရွက်ခဲ့ခြင်းကြောင့် အသက်အန္တရာယ်နှင့် ပျက်စီးဆုံးရှုံးမှု နည်းပါးခဲ့ရသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ချက်ချင်းစေလွှတ်**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိဦးဆောင်သော အဖွဲ့သည် ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ခံရသည့် မြို့နယ်အချို့၏ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ မုန်တိုင်းဖြစ်ပွားသည်နှင့် တာဝန်ရှိသူများအား ဖြစ်ပွားရာနေရာဒေသများသို့ ချက်ချင်းစေလွှတ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်စေခဲ့ကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

မုန်တိုင်းသင့်ဒေသရှိ ပြည်သူများအနေဖြင့် သဘာဝဘေးအန္တရာယ်လျော့ပါးရေး စီမံချက်ပါအတိုင်း လိုက်နာဆောင်ရွက်ခဲ့၍ အသက်အန္တရာယ် ဆုံးရှုံးမှု နည်းပါးခဲ့ရသည်ကို တွေ့ရကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး ပင်လယ်ကမ်းစပ်ဒေသများသည် အချိန်မရွေး သဘာဝဘေးကို ရင်ဆိုင်ရနိုင်၍ သဘာဝဘေးအန္တရာယ်လျော့ပါးရေး စီမံချက်ပါ နည်းလမ်းများနှင့် အစီအမံများကို ပြည်သူများက တိကျစွာလိုက်နာဆောင်ရွက်ရေး၊ မုန်တိုင်းဒဏ်ခံအုတ်အဆောက်အအုံများ ပြောင်းလဲဆောက်လုပ်သည့် လူနေမှုစနစ် ပုံစံပြောင်းရန် ပညာပေးစည်းရုံးဆောင်ရွက်ရေး၊ အလုပ်ကို ဝီရိယထားကြိုးစားဆောင်ရွက်ပြီး ရရှိသည့်ငွေကို စနစ်တကျသုံးစွဲ၍ စုဆောင်းကာ သားစဉ်မြေးဆက် အခိုင်အမာ အဆောက်အအုံများဖြင့် နေထိုင်ရန် ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

**ပေးအပ်**

ဆက်လက်၍ ဝန်ကြီးချုပ်က ကျေးရွာများမှ ဆက်သွယ်အသုံးပြုနိုင်ရေးအတွက် CDMA -450 တယ်လီဖုန်း ငါးလုံးကို ပေးအပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မာန်အောင်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ သံတွဲမြို့သို့ ညနေပိုင်းတွင် ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာ၄ရက် နံနက် ၉ နာရီတွင် သံတွဲမြို့မှ လေကြောင်း ခရီးဖြင့် ထွက်ခွာခဲ့ရာ နံနက်ပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)




နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မာန်အောင်မြို့ အောင်ဇေယျခန်းမ၌ CDMA-450 တယ်လီဖုန်းငါးလုံး ပေးအပ်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မြေပုံမြို့နယ် ကျွန်းသာယာကျေးရွာ လေဘေးသင့်ပြည်သူများ ဆက်သွယ်ပြောဆိုနိုင်ရန် CDMA-450 တယ်လီဖုန်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

**ပင်လယ်ကမ်းစပ်ဒေသများသည် အချိန်မရွေး သဘာဝဘေးကို ရင်ဆိုင်ရနိုင်၍ သဘာဝဘေးအန္တရာယ်လျော့ပါးရေး စီမံချက်ပါ နည်းလမ်းများနှင့် အစီအမံများကို ပြည်သူများက တိကျစွာ လိုက်နာဆောင်ရွက်။**

# ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးကုသရေးအဖွဲ့များ မုန်တိုင်းသင့်ဒေသများ၌ ကွင်းဆင်းကုသပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၄**

ရခိုင်ပြည်နယ် ဂီရိဆိုင်ကလုန်းမုန်တိုင်းသင့်ဒေသရှိ ပြည်သူများအား ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာစောလွင်နှင့် ညွှန်ကြားရေးမှူးချုပ် (ကူးစက်) ပါမောက္ခဒေါက်တာစိုးလွင်ငြိမ်းတို့ ဦးစီးသော အဖွဲ့ဝင်များသည် နိုဝင်ဘာ ၁ ရက်တွင် ရခိုင်ပြည်နယ် မြေပုံမြို့နယ် ပြည်သူ့ဆေးရုံကို အခြေပြု၍ မြို့ပေါ် ကယ်ဆယ်ရေးစခန်းများ၌ ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးခန်းဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊ ပြည်သူ့ကျန်းမာရေး ကွင်းဆင်းအဖွဲ့များနှင့် အထူးကုအဖွဲ့များအား ဖြန့်ကြက်တာဝန်ချထားခြင်း၊ ရွေ့လျားဆေးကုသရေးစခန်းများအား အနီးကပ်ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး ဒေသဆိုင်ရာ ပိုလီယိုပပျောက်ရေးဆရာဝန် ဒေါက်တာကျော်စိုးမင်း ဦးစီးသောအဖွဲ့သည် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ မြေပုံမြို့နယ် လောင်းဒရိတ် ရွေ့လျားဆေးကုသရေးစခန်း၌ ပြင်ပလူနာ ၁၅၈ ဦးအား ဆေးကုသမှုပေးခြင်း၊ ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်သည် နိုဝင်ဘာ ၂ ရက်တွင် ရခိုင်ပြည်နယ် မြေပုံမြို့နယ်ဆေးရုံနှင့် ကျန်းမာရေးဌာနများ၊ ရွေ့လျားဆေးကုသရေးစခန်းများကို ကွင်းဆင်းစစ်ဆေးပြီး ကူးစက်ရောဂါဖြစ်ပွားမှု မရှိစေရေး၊ ဆေးနှင့် ဆေးပစ္စည်းများ လုံလောက်စွာ ရရှိရေး၊ ထိရောက်သော ဆေးကုသမှုပေးနိုင်ရေး၊ လိုအပ်ချက်များကို ဖြည့်ဆည်း ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပြီး နိုဝင်ဘာ ၃ ရက်တွင် မြေပုံ၊ ကျောက်ဖြူမြို့နယ်များရှိ ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ရွေ့လျားဆေးကုသရေးစခန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး(ကုသရေး) ဒေါက်တာသန်းဝင်း ဦးစီးသော အထူးကုဆရာဝန်များ အဖွဲ့ဝင်များသည်လည်း နိုဝင်ဘာ ၁ ရက်တွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ် မြို့ပေါ် ကယ်ဆယ်ရေးစခန်းများသို့ ကယ်ဆယ်ရေးပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ ဖြန့်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊ ဆေးကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး မင်းဂံကျေးလက်ကျန်းမာရေးဌာန၊ ကာပီချောင်း ကျေးလက်ကျန်းမာရေးဌာနခွဲ၊ တောင်ညိုကျေးရွာ၊ ကုလားပိုက်စိတ်ရပ်ကွက်များ၌ ဆေးကုသပေးခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါလူနာ ဖြစ်ပွားမှုစုံစမ်းခြင်း၊ ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေသန့်ဆေးပြားများ ဖြန့်ဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးကုသရေးအဖွဲ့များ ရခိုင်ပြည်နယ် မုန်တိုင်းသင့်ဒေသရှိ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။ (သတင်းစဉ်)


ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ မိမိဒေသတွင်းမှာပင် အဆင့်မြင့်ပညာရပ်များ လက်လှမ်းတမီ သင်ယူနိုင်ရန်အတွက် တည်ဆောက်ပေးထားသော လွိုင်ကော်တက္ကသိုလ်။

# ပညာတတ်လူ့စွမ်းအား အရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိသော ပညာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်မှုများ

သတင်းဆောင်းပါး » ငွေအောင် ဓာတ်ပုံ » ကြေးမုံ

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံ တည်ဆောက်ရာတွင် လူ့စွမ်းအား အရင်းအမြစ်များသည် မရှိမဖြစ် လိုအပ်ပေသည်။ လူ့စွမ်းအား အရင်းအမြစ်များကို ပြုစုဖော်ဆောင်ရာ၌ နိုင်ငံသားတိုင်း အခြေခံပညာကို အရည်အချင်းပြည့်ဝစွာဖြင့် အဆင့်လိုက် သင်ယူပြီးမြောက်စေရေးသည် ဦးစားပေး ကနဦးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ နိုင်ငံတော်အစိုးရသည် အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် အနာဂတ်နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများနှင့် လိုက်လျောညီထွေမှုရှိသည့် နိုင်ငံတကာအဆင့်မီ အမျိုးသား ပညာရည်မြင့်မားရေး အနှစ်(၃၀) စီမံကိန်းကို ချမှတ်ဆောင်ရွက်ရာတွင် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့ အဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။

နိုင်ငံတော်၏ ပညာရေးသမိုင်းကို ပြန်ပြောင်းလေ့လာကြည့်ရာ၌ ရှေးမြန်မာမင်းများလက်ထက်က သာမန်ပြည်သူများအနေဖြင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် စာပေပညာကို သင်ယူခဲ့ရပြီး အများစုမှာ စာမတတ်သူများ ဖြစ်ကြရသည်။ ကိုလိုနီခေတ်တွင်မူ နယ်ချဲ့တို့က ပညာသင်ကြားမှုအစီအစဉ်များကို စတင်ဖန်တီးခဲ့သော်လည်း ကျွန်ပညာရေးစနစ်သာဖြစ်ခဲ့သည်။ ပညာတတ်မြန်မာအနည်းစုအတွက် ကိုလိုနီ အုပ်ချုပ်ရေး ယန္တရားအထောက်အကူပြု ဘွဲ့ဒီဂရီလက်မှတ်များသာ ပေးအပ်ခဲ့သည်။ ထိုစဉ်က မြန်မာတစ်ပြည်လုံးတွင် ရန်ကုန်တက္ကသိုလ်ကျောင်း တစ်ကျောင်းသာ ရှိခဲ့သည်။

လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင်လည်း မြန်မာနိုင်ငံ၏ ပညာရေးအဆင့်အတန်းမှာ ဆက်လက်အားနည်း နေခဲ့ရပြီး လူတိုင်းပညာသင်ယူနိုင်မှု အခွင့်အလမ်းမရှိခဲ့ချေ။ ထို့ကြောင့် ကိုလိုနီခေတ် ဆိုးမွေအဖြစ် စာမတတ်သူ ဦးရေမှာ ရာခိုင်နှုန်းမြင့်မားစွာဖြင့် ဆက်လက်တည်ရှိခဲ့ရသည်။ ၁၉၈၈ခုနှစ် မတိုင်မီ ကာလတစ်လျှောက်တွင်လည်း ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ မဖွံ့ဖြိုးမှု၊ သင်ယူမှု လက်လှမ်းတမီ မရှိမှု၊ ခေတ်မီ သင်ကြားမှုများ မရှိမှု တို့ကြောင့် ရန်ကုန်နှင့် မန္တလေးမြို့တို့တွင်သာ အဆင့်မြင့်ပညာ သင်ယူနိုင်ခဲ့ကြသည်။

၁၉၈၈နောက်ပိုင်း ကာလတွင်မူ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍမှာ ယခင်နှင့်မတူ များစွာ တိုးတက်ပြောင်းလဲလာခဲ့သည်။ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ တိုးတက်မှု အရှိန်အဟုန်မြင့်မားလာမှုနှင့်အတူ ပညာရေးကဏ္ဍမှာလည်း လိုက်ပါဖွံ့ဖြိုးလာခဲ့သည်။

နိုင်ငံတော်အစိုးရသည် ပညာရေးကဏ္ဍကို ဦးစွာမြှင့်တင်ဆောင်ရွက်ရာ၌ ကျောင်းနေအရွယ်ကလေးငယ်တိုင်း ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာအဆင့်ကျောင်းများကို ကျေးရွာတိုင်းနီးပါး တိုးမြှင့်ဖွင့်လှစ်တည်ဆောက်ပေးခဲ့သည်။ ယခုအခါ ကျောင်းသား၊ ကျောင်းသူ ရင်သွေးငယ်များသည် ယခင်ကကဲ့သို့ ဝေးလံသီခေါင်သော အခြားကျေးရွာများသို့ လှည်းတစ်တန်၊ လှေတစ်တန်၊ ခြေကျင် တစ်ဖုံ သွားရောက် ပညာသင်ကြားရန် မလိုအပ်တော့ဘဲ ကိုယ့်ရပ်ကိုယ်ရွာတွင်သာ အခြေခံပညာအဆင့်ကို လွယ်လင့်တကူ သင်ကြားနိုင်ကြပြီဖြစ်သည်။

၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသော အခြေခံပညာအဆင့် ပညာရေးကဏ္ဍကို နှိုင်းယှဉ်တင်ပြရလျှင် ၁၉၈၈ ခုနှစ်က အခြေခံပညာအထက်တန်းကျောင်း ၇၂၂ ကျောင်းသာရှိခဲ့ရာမှ ယခု ၂၂၇၈ ကျောင်း၊ ယခင်က အလယ်တန်းကျောင်း ၁၆၉၆ ကျောင်းသာရှိခဲ့ရာမှ ယခု ၂၉၄၄ ကျောင်း၊ ယခင်က မူလတန်းကျောင်း ၃၁၃၂၉ ကျောင်းသာရှိခဲ့ရာမှ ယခု ၃၅၅၇၉ ကျောင်းအထိ တိုးတက်ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်သည်။

တိုးတက်မှုအနေဖြင့်ကား အထက်တန်းကျောင်း ၁၅၅၆ ကျောင်း၊ အလယ်တန်းကျောင်း ၁၂၄၈ ကျောင်း၊ မူလတန်းကျောင်း ၄၂၅၀ ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၇၀၅၄ ကျောင်းအထိ တိုးတက်လာခဲ့သည်။

ထို့ပြင် ၁၉၈၈ခုနှစ် နောက်ပိုင်းတွင်မှ မာလ်တီမီဒီယာ စာသင်ခန်း ၃၃၅၂၉ ခန်းနှင့် မူကြိုပညာရေး ၂၂၇၂ ကျောင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသော အထူးဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု စီမံကိန်း၌ အကျုံးဝင်သော မြစ်ကြီးနား၊ ဗန်းမော်၊ ဘားအံ၊ ကလေး၊ လွိုင်ကော်၊ မုံရွာ၊ ထားဝယ်၊ မြိတ်၊ ပဲခူး၊ ပြည်၊ မကွေး၊ ပခုက္ကူ၊ မန္တလေး၊ မိတ္ထီလာ၊ မော်လမြိုင်၊ စစ်တွေ၊ ရန်ကုန်၊ လားရှိုး၊ ကျိုင်းတုံ၊ တောင်ကြီး၊ လွိုင်လင်၊ မအူပင်၊ ဟသ်ာတနှင့် ပုသိမ်မြို့တို့တွင် တက္ကသိုလ်တစ်ကျောင်း၊ ကွန်ပျူတာတက္ကသိုလ်တစ်ကျောင်းနှင့် နည်းပညာတက္ကသိုလ်တစ်ကျောင်း စုစုပေါင်း တက္ကသိုလ် သုံးကျောင်းစီတို့ကို အသီးသီး အသစ်ဖွင့်လှစ် တည်ဆောက်ပေးနိုင်ခဲ့၍ ပြည်ထောင်စုရင်သွေးငယ်များ ကိုယ့်ဒေသတွင်းမှာပင် အဆင့်မြင့်ပညာရပ်များကို အိုးမကွာ၊ အိမ်မကွာ သင်ယူခွင့် ဆုလာဘ်ထူးကို ရရှိခံစားနေကြရပြီ ဖြစ်ပေသည်။

> ‘ကိုယ်ပိုင်စွမ်းပကားဖြင့် ငွေကြေးပမာဏ မြောက်မြားစွာ အကုန်အကျခံ၍ ဒေသအနှံ့ ကြိုးပမ်းတည်ဆောက် ဖွင့်လှစ်ပေးခဲ့သော နိုင်ငံတော်၏ စေတနာကား တိုင်းဆ၍ မရနိုင်လောက်အောင် မွန်မြတ်လှ’

၁၉၈၈ခုနှစ် နောက်ပိုင်း နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသော အဆင့်မြင့်ပညာရေးကဏ္ဍကို နှိုင်းယှဉ်တင်ပြရလျှင် ၁၉၈၈ ခုနှစ်က တက္ကသိုလ်၊ ကောလိပ်နှင့် ဒီဂရီကောလိပ် ၂၇ ကျောင်းသာရှိခဲ့ရာမှ ယခု ၆၄ ကျောင်း၊ ယခင်က နည်းပညာတက္ကသိုလ် တစ်ကျောင်းသာရှိခဲ့ရာမှ ယခုကျောင်းပေါင်း ၃၀၊ ယခင်က ကွန်ပျူတာတက္ကသိုလ်တစ်ကျောင်းသာရှိခဲ့ရာမှ ယခုကျောင်းပေါင်း ၂၆ ကျောင်း၊ အခြားဝန်ကြီးဌာနများရှိ တက္ကသိုလ်၊ ကောလိပ် တစ်ကျောင်းသာရှိခဲ့ရာမှ ယခု ၂၂ ကျောင်းအထိ အသီးသီး တိုးတက်ဖွင့် လှစ်နိုင်ပြီဖြစ်သည်။

တိုးတက်မှုအနေဖြင့်ကား တက္ကသိုလ်၊ ကောလိပ်နှင့် ဒီဂရီကောလိပ် ၃၇ကျောင်းနှင့် နည်းပညာတက္ကသိုလ် ၂၉ ကျောင်း၊ ကွန်ပျူတာတက္ကသိုလ် ၂၅ ကျောင်းနှင့် အခြားဝန်ကြီးဌာန

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✧


ပညာတတ်လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးရာ နည်းပညာတက္ကသိုလ် (လားရှိုး) ကို တွေ့ရစဉ်။

✧ စာမျက်နှာ ၆ မှ

များရှိ တက္ကသိုလ်၊ ကောလိပ် ၂၁ ကျောင်း စုစုပေါင်း တက္ကသိုလ်၊ ကောလိပ်ကျောင်းပေါင်း ၁၁၂ ကျောင်းအထိ တိုးတက်လာခဲ့သည်။

ထို့ပြင် ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင်မှ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဌာန ၄၄ ခု၊ ပညာရေးကောလိပ် ၂၀၊ နည်းပညာကောလိပ် လေးကျောင်း၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် တစ်ကျောင်းစီတို့ကိုလည်း အကောင်အထည်ဖော် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ဝိဇ္ဇာ / သိပ္ပံတက္ကသိုလ်များကို မြန်မာ့ပညာရေး ရည်မှန်းချက်ဖြစ်သည့် မျက်မှောက်ကာလ ပညာခေတ် (Knowledge Age)၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်း (Learning Society) အဖြစ် ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ပြီး မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီ၊ သမိုင်း၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ စသည့် အထူးပြုဘာသာရပ်များကို သင်ကြား ပို့ချပေးလျက်ရှိသည်။

ထို့အတူ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနက ကွန်ပျူတာ Hardware နှင့် Software များကို တီထွင်ခြင်း၊ တပ်ဆင်ခြင်း၊ စမ်းသပ်ခြင်းနှင့် အသုံးချခြင်းများကို လက်တွေ့လုပ်ဆောင်နိုင်သော ပညာရှင်များ မွေးထုတ်ပေးရန်၊ လိုအပ်လျက်ရှိသော အခြေခံ IT ပညာရှင်များ ပြုစုပျိုးထောင်ပေးရန်၊ ရရှိလာသော အခြေခံ IT ပညာရှင်များမှ ထူးချွန်သူများအား အဆင့်မြင့်ပညာရှင်များအဖြစ် ပြုစုပျိုးထောင်ပေးရန်၊ အဆင့်မြင့် IT ပညာရှင်များကို အသုံးပြုပြီး IT ဆိုင်ရာ သုတေသနနှင့် တီထွင်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် နိုင်ငံတော် တစ်ရပ်လုံးတွင် IT အသုံးပြုမှု တွင်ကျယ်လာစေရေး လုပ်ငန်းများ ဆောင်ရွက်ရန် ရည်ရွယ်၍ ကွန်ပျူတာကောလိပ်နှင့် ကွန်ပျူတာတက္ကသိုလ်များကို ဖွင့်လှစ်ခဲ့သည်။ ထိုတက္ကသိုလ်များမှ ကွန်ပျူတာသိပ္ပံဘွဲ့ (B.C.Sc)၊ ကွန်ပျူတာနည်းပညာဘွဲ့ (B.C.Tech)၊ ကွန်ပျူတာသိပ္ပံဂုဏ်ထူးဘွဲ့ B.C.(Hons:) နှင့် ကွန်ပျူတာနည်းပညာ ဂုဏ်ထူးဘွဲ့ B.C.Tech(Hons:)၊ ဘွဲ့လွန် ဒီပလိုမာဖြစ်သော မဟာကွန်ပျူတာသိပ္ပံဘွဲ့ (M.C.Sc)၊ မဟာသုတသိပ္ပံဘွဲ့ (M.I.Sc) နှင့် ကွန်ပျူတာသိပ္ပံဒီပလိုမာ (D.C.Sc)၊ ဘွဲ့ကြို ဒီပလိုမာ (Module I)နှင့် (Module II) သင်တန်းများကို နှစ်အလိုက် သင်ကြားပို့ချပေးလျက်ရှိသည်။



တနင်္သာရီတိုင်းဒေသကြီးရှိ မြိတ်တက္ကသိုလ်ကို တွေ့ရစဉ်။

အလားတူ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ်များကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် မရှိမဖြစ် လိုအပ်သော အင်ဂျင်နီယာပညာရှင်များ တိုးတက်ဖြစ်ပေါ်လာစေရန်၊ ဒေသအလိုက် ကွာခြားမှု လျော့နည်းပြီး နိုင်ငံတော်အတွင်းရှိ လူငယ်လူရွယ်များအားလုံး စက်မှုပညာသင်ကြားမှု အခွင့်အရေး တစ်ပြေးညီ ရရှိစေရန်နှင့် နိုင်ငံတော်မှ လိုအပ်လျက်ရှိသော လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်နိုင်ရန်အတွက် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ပြီး မြို့ပြအင်ဂျင်နီယာသင်တန်း၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာသင်တန်း၊ အီလက်ထရွန်နစ် အင်ဂျင်နီယာသင်တန်းနှင့် စက်မှုအင်ဂျင်နီယာသင်တန်းစသည့် သင်တန်းများကို သင်ကြားပို့ချပေးလျက်ရှိသည်။ ယခုအခါ နိုင်ငံတော်၏ နည်းပညာကဏ္ဍ တိုးတက်မှုတွင် သမိုင်းတွင်မည့် သုတေသနအခြေပြု တက္ကသိုလ်တစ်ခုဖြစ်သော နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)ကို ၂၀၁၀ခုနှစ် အောက်တိုဘာလ ၁၇ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံတော်က ကြိုးပမ်းစိုက်ထုတ်ခဲ့သော ပညာရေးကဏ္ဍ အသီးအပွင့်များက ဒေသအသီးသီးတွင် အပြိုင်းအရိုင်း ဖွံ့ဖြိုးဝေဆာလာခဲ့ချေပြီ။

၁၉၈၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ နိုင်ငံတစ်ဝန်း လူ့စွမ်းအားအရင်းအမြစ် ဘွဲ့ရပညာတတ် ၁၄၇၀၀၀၀ ကျော်နှင့် ဘွဲ့လွန်ပညာရှင်များစွာကိုလည်း မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ တစ်နိုင်ငံလုံး စာတတ်မြောက်မှုနှုန်း အနေဖြင့်လည်း ၉၄ ဒသမ ၈၃ ရာခိုင်နှုန်းအထိ မြင့်မားလာခဲ့ပြီ ဖြစ်ပေသည်။

ကျွန်တော်တို့သည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးသို့ လုပ်ငန်းတာဝန်ဖြင့် သွားရောက်ရာတွင် သတင်းသမားများပီပီ အဆိုပါ တက္ကသိုလ်ကြီးများကို မရောက်ရောက်ဖြစ်အောင် သွားရောက်လေ့လာခဲ့ကြသည်။ ဒေသခံတက္ကသိုလ်ကျောင်းတော်သူ၊ ကျောင်းတော်သားတို့နှင့်လည်း အခွင့်ရခိုက် စကားစမြည် ပြောဆိုခွင့်ရခဲ့ရာ သူတို့၏ မျက်နှာများတွင် ဂုဏ်ယူဝမ်းမြောက်မှု၊ ပျော်ရွှင်ချမ်းမြေ့မှုတို့ကို အထင်းသား မြင်တွေ့ခဲ့ရ၏။ ဒေသအသီးသီးမှ ခမ်းနားသစ်လွင်သော တက္ကသိုလ်အဆောက်အအုံများကား ဒေသအတွင်းမှာပင် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များကို စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိပေသည်။

ထို့ပြင် အနာဂတ်ကာလတွင် နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရေးအတွက်လည်း နိုင်ငံတော်က လိုအပ်သည့် ပညာရေးအခြေခံအဆောက်အအုံများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

သို့ဖြစ်ရာ အခြေခံနှင့် အဆင့်မြင့်ပညာရပ်များကို တစ်ချိန်ကကဲ့သို့ မြို့ကြီးပြကြီးများသို့တိုင် သွားရောက်သင်ကြားရန် မလိုတော့ဘဲ ကိုယ့်ရပ်ကိုယ့်ဒေသမှာပင် အိုးမကွာ၊ အိမ်မကွာ နောင်သားစဉ်မြေးဆက်အထိ အဆင်ပြေချောမွေ့စွာ သင်ကြားခွင့်ရရှိစေရေးအတွက် တက္ကသိုလ်များ၊ ကျောင်းများကို နိုင်ငံတော်၏ ကိုယ်ပိုင်စွမ်းပကားဖြင့် ငွေကြေးပမာဏ မြောက်မြားစွာ အကုန်အကျခံ၍ ဒေသအနှံ့ ကြိုးပမ်းတည်ဆောက် ဖွင့်လှစ်ပေးခဲ့သော နိုင်ငံတော်၏ စေတနာကား တိုင်းဆ၍ မရနိုင်လောက်အောင် မွန်မြတ်လှပါကြောင်း ထပ်လောင်းသက်သေပြုမိပါတော့သည်။ ။



အစိုးရနည်းပညာကောလိပ် (အေးသာယာ)ပင်မ သုံးထပ် စာသင်ဆောင်ကို ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။

### ၁၉၈၈ ခုနှစ် နောက်ပိုင်း နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသော ပညာရေးကဏ္ဍ

| စဉ် | အကြောင်းအရာ | ၁၉၈၈ | ၂၀၁၀ | တိုးတက်မှု |
|---|---|---|---|---|
| ၁ | **အခြေခံပညာကျောင်း** | **၃၃၇၄၇** | **၄၀၈၀၁** | **၇၀၅၄** |
| | - အထက်တန်း | ၇၂၂ | ၂၂၇၈ | ၁၅၅၆ |
| | - အလယ်တန်း | ၁၆၉၆ | ၂၉၄၄ | ၁၂၄၈ |
| | - မူလတန်း | ၃၁၃၂၉ | ၃၅၅၇၉ | ၄၂၅၀ |
| | - မာလ်တီမီဒီယာစာသင်ခန်း | - | ၃၃၅၂၉ | ၃၃၅၂၉ |
| | - မူကြိုပညာရေး | - | ၂၂၇၂ | ၂၂၇၂ |
| ၂ | **ဆရာအတတ်သင်ပညာရေး** | | | |
| | - ပညာရေးကောလိပ် | - | ၂၀ | ၂၀ |
| ၃ | **အဆင့်မြင့်ပညာ** | | | |
| | - တက္ကသိုလ်/ကောလိပ်/ ဒီဂရီကောလိပ် | ၂၇ | ၆၄ | ၃၇ |
| | - လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဌာန | - | ၄၄ | ၄၄ |
| ၄ | **သိပ္ပံနှင့်နည်းပညာ** | | | |
| | - နည်းပညာတက္ကသိုလ် | ၁ | ၃၀ | ၂၉ |
| | - နည်းပညာကောလိပ် | - | ၄ | ၄ |
| | - ကွန်ပျူတာတက္ကသိုလ် | ၁ | ၂၆ | ၂၅ |
| | - မြန်မာနိုင်ငံလေကြောင်းနှင့် | | | |
| | - အာကာသပညာတက္ကသိုလ် | - | ၁ | ၁ |
| | - နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး) | - | ၁ | ၁ |
| ၅ | **မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်** | - | ၁ | ၁ |
| ၆ | **အခြားဝန်ကြီးဌာနများရှိ တက္ကသိုလ်/ ကောလိပ်** | ၁ | ၂၂ | ၂၁ |




အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးရာ ဘားအံတက္ကသိုလ်။

# ကျွန်ုပ်တို့ မဲပေးကြမည် (နိုင်ငံသားအခွင့်အရေးအား ကျင့်သုံးခြင်း)

မကြာမြင့်သော ကာလတွင် ကျွန်ုပ်တို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ရွေးကောက်ပွဲကြီးတစ်ရပ်ကို ခြိမ့်ခြိမ့်သဲ ကျင်းပပြုလုပ်ပေတော့မည်။ မြန်မာ့သမိုင်းစဉ်တွင် မှတ်တမ်းဝင်မည့် ရွေးကောက်ပွဲကြီးပင်ဖြစ်သည်။ ယခင်က ရွေးကောက်ပွဲများ ပုံစံအမျိုးမျိုးဖြင့် ပြုလုပ်ခဲ့သော်လည်း ယခုနှစ် နိုဝင်ဘာလတွင် ပြုလုပ်မည့် ရွေးကောက်ပွဲလိုမျိုးတော့ ရှိခဲ့မည်မထင်ပါ။

**ယခု ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲကြီးသည် နိုင်ငံသားအခွင့်အရေး (Fundamental Right of Citizen) ကို အပြည့်အဝနှင့် လွတ်လပ်စွာကျင့်သုံးနိုင်မည့် ရွေးကောက်ပွဲကြီးဖြစ်သည်ဟု ကျွန်ုပ်တို့ နိုင်ငံသူနိုင်ငံသားများ သိမြင်နားလည်ကြသည်။ မဲပေးပိုင်ခွင့်ရှိသော နိုင်ငံသူ နိုင်ငံသားများက မိမိတို့ပိုင်ဆိုင်သော အဆိုပါ နိုင်ငံသားအခွင့်အရေးကို တန်ဖိုးရှိရှိ အသုံးချကာ မိမိတို့၏ အကျိုးစီးပွားကို မှန်ကန်ဖြောင့်မတ်စွာ ဖော်ဆောင်ပေးနိုင်မည့် ကိုယ်စားလှယ်တော်ကြီးများအား မိမိတို့ စိတ်တိုင်းကျ ရွေးချယ်ကြပေတော့မည်။ ဤသည်မှာ ရွေးချယ် တင်မြှောက်ခွင့်ဆိုသော ပိုင်ခွင့် (Right) ကို ကျင့်သုံးခြင်းပင် ဖြစ်သည်။**

မဲဆန္ဒရှင် နိုင်ငံသားအချို့ကမူ မိမိတို့၏ ကိုယ်စွမ်းဉာဏ်စွမ်းတို့ကို နိုင်ငံသူ နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် အသုံးချကာ စွမ်းစွမ်းတမံ ဆောင်ရွက်မည်ဟူသော ဦးတည်ချက်ဖြင့် ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်၍ ရွေးကောက်တင်မြှောက်ခံခွင့်ဆိုသော ပိုင်ခွင့် (Right) ကို အပြည့်အဝနှင့် လွတ်လပ်စွာ ကျင့်သုံးဆောင်ရွက်ကြပေတော့မည်။

သို့ဆိုလျှင် ယခု ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲကြီးသည်သာမက ဤရွေးကောက်ပွဲကြီး ပေါ်ထွန်းလာစေသည့် အကြောင်းတရားတို့သည် ဝိသေသလက္ခဏာတစ်ရပ်နှင့် ပြည့်စုံနေသည့် ရွေးကောက်ပွဲကြီးဖြစ်သည်ဟု ဆိုချင်သည်။ မည်သို့သော ဝိသေသလက္ခဏာပါနည်း။

ယခု ရွေးကောက်ပွဲကြီးသည် ၂၀၀၈ ခုနှစ်တွင် နိုင်ငံသားအားလုံးက တစ်ခဲနက် အတည်ပြုထောက်ခံလိုက်သော ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ထွန်းလာသော အကျိုးတရားကြီးဖြစ်ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း အမျိုးသားညီလာခံဟူသော တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် ဆွေးနွေးပွဲကြီးမှ ပေါ်ထွက်လာသည့် အကျိုးတရားကြီး ဖြစ်ကြောင်း ပြန်ပြောင်းအမှတ်ရမိသည်။ အမျိုးသားညီလာခံ တက်ရောက်မည့် ကိုယ်စားလှယ်များကို အလွှာအသီးသီးမှ ပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ်ကာ ပြည်သူကို ကိုယ်စားပြုတက်ရောက် ဆွေးနွေးစေခဲ့ကြသည်။ အမျိုးသားညီလာခံတွင် ပြည်သူ့ကိုယ်စားလှယ်များက အကျေအလည် ညှိနှိုင်းဆွေးနွေးလျက် နိုင်ငံတော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအတွက် အခြေခံမူများကို ချမှတ်ပေးခဲ့ကြသည်။ ပြည်သူကြားမှ ပေါက်ဖွားလာသော အတွေ့အကြုံကြီးမားလှသည့် အသိပညာရှင်၊ အတတ်ပညာရှင်များက အဆိုပါ အခြေခံမူများနှင့်အညီ လက်ရှိနိုင်ငံရေး အခြေအနေများအတွက် အကောင်းဆုံးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို မူကြမ်းအဖြစ် ရေးဆွဲပေးခဲ့ကြသည်။

ထိုသို့ ရေးဆွဲရရှိလာသော ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကိုလည်း နိုင်ငံသူ နိုင်ငံသားအများစုကြီးက တစ်ခဲနက် ထောက်ခံအတည်ပြုပေးလိုက်သည်။ ယခုဆိုလျှင် ပြည်သူ့ဆန္ဒနှင့်အညီ ရွေးကောက်ပွဲကြီးတစ်ရပ် ပေါ်ထွန်းလာနေပြီဖြစ်သည်။ ရွေးကောက်ပွဲကြီးပေါ်ထွန်းလာခြင်းနှင့် ယင်း၏ ကြောင်းကျိုးဆက်စပ်မှုများကို သုံးသပ်ကြည့်လျှင် ပြည်သူ (People)ပါဝင်မှုသည် ဖြစ်စဉ်အဆင့်တိုင်း၌ ထင်ရှားသိသာ ပါဝင်နေသည်။

မြင့်မောင် (Phil-Q)

**ဤသို့သော တိုးတက်မှုအခြေအနေအဆင့်ဆင့်ကို ရှုမြင်သုံးသပ်လျက် ကျွန်ုပ်တို့ အခိုင်အမာပြောနိုင်သည်မှာ ပြည်သူတို့၏ အကျိုးအတွက် ပြည်သူများကိုယ်တိုင်ကပင် ပြည်သူအများစုကြီး၏ ဆန္ဒဖြင့် ဖော်ဆောင်ခဲ့ကြသည့် ဖြစ်စဉ်ကြီးဆိုသောအချက်ပင် ဖြစ်သည်။ ဤသည်မှာ ဒီမိုကရေစီကျင့်စဉ်ကို အနှစ်သာရရှိရှိ အဆင့်အတန်းမီမီ ကျင့်သုံးခဲ့ခြင်းဆိုသော ဝိသေသလက္ခဏာပင်ဖြစ်သည်။ of the people, by the people, for the people ဆိုသော ဒီမိုကရေစီ ဖွင့်ဆိုချက်နှင့်အညီ ကျင့်သုံးခဲ့ကြခြင်းဖြစ်သည်။**

ပညာရှင်များက ဒီမိုကရေစီကို စနစ် တစ်နည်းအားဖြင့် ကျင့်စဉ်ဟု ဆိုခဲ့ကြသည်။ ကျွန်ုပ်တို့ ပြည်သူများအနေဖြင့် ဒီမိုကရေစီဆိုသော ပညတ်ဝေါဟာရအပေါ်တွင်သာ နစ်မျောမနေဘဲ လက်တွေ့ကျင့်သုံးခဲ့ကြခြင်းဖြင့် လည်းကောင်း၊ ထိုသို့ ကျင့်သုံးနိုင်ရေးအတွက်လည်း လက်ရှိ နိုင်ငံ့တာဝန်ကိုယူထားရသော တပ်မတော်အစိုးရ၏ အမြော်အမြင်ကြီးမားစွာဖြင့် ဖေးမထိန်းသိမ်းဆောင်ရွက်ပေးခဲ့သည့်အတွက်ကြောင့် လည်းကောင်း



**မကြာမီ ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲကြီးသည် ဒီမိုကရေစီနိုင်ငံထူထောင်ရေး၏ ပထမခြေလှမ်းတစ်ရပ်ဖြစ်သည်။ First Step ဆိုသည် မည်မျှအရေးကြီးလှကြောင်းကို ဘဝပေးအသိအရ ကျွန်ုပ်တို့ပြည်သူများ ကောင်းစွာသိနားလည်ပါသည်။ ဒီမိုကရေစီထူထောင်ရေး ပထမခြေလှမ်းကို ခိုင်ခိုင်မာမာဖြင့် မှန်ကန်သောလမ်းကြောင်းပေါ် လျှောက်လှမ်းရေးတွင် ကျွန်ုပ်တို့၏ ဆန္ဒမဲတစ်ပြားသည် အလွန်ပင်အရေးပါလှသည်။ ဒီမိုကရေစီကို အပြောမဟုတ်၊ အမှန်တကယ် လက်တွေ့ကျင့်သုံးနိုင်ရေးအတွက် လူမှန်များအား နေရာမှန်ရောက်ရှိစေရန် ကျွန်ုပ်တို့၏ နိုင်ငံသားအခွင့်အရေး (Fundamental Right of Citizen) ကို အကျိုးရှိစွာ၊ အမြော်အမြင်ရှိစွာဖြင့် အသုံးချရမည်။ မဲမပေးရန် ဟန့်တားနှောင့်ယှက်လာခြင်းသည် ကျွန်ုပ်တို့၏ နိုင်ငံသားအခွင့်အရေး ကျင့်သုံးခွင့်ကို မတရားပိတ်ပင်ခြင်းဖြစ်၍ ကျွန်ုပ်တို့ လက်မခံပါ။ ထို့အတွက် ကျွန်ုပ်တို့ မဲဆန္ဒရှင်ပြည်သူများ နိုဝင်ဘာ(၇)ရက်တွင် မဲရုံများသို့ အရောက်သွားလျက် စိတ်အားထက်သန်စွာဖြင့် မဲပေးကြမည်ဖြစ်ပါသည်။**

ယခု ကျင်းပပြု...
(Fundamental R...
ကျင့်သုံးနိုင်မည့် ...
နိုင်ငံသားများ သိ...
နိုင်ငံသားများက မိ...
တန်ဖိုးရှိရှိ အသုံးချ...
ဖော်ဆောင်ပေးနိုင်မ...
ရွေးချယ်ကြပေတော...
ပိုင်ခွင့် (Right) ကိ...

ဒီမိုကရေစီကို အနှစ်သာရရှိစွာဖြင့် ...
ကျွန်ုပ်တို့ ပြည်ထောင်စုမြန်မာနိုင်...
ကျေခဲ့ကြသည်။ ဒီမိုကရေစီနိုင်ငံ...
မဲဆန္ဒရှင်ပြည်သူများတွင် ပြည်သူ့နီ...
sibilities) များ ရှိနေပါသေး...
အကျဉ်းချုပ်ဖော်ပြရလျှင်-

**လူမှုရေးပိုင်းဆိုင်ရာအနေဖြ...**

- ဆန္ဒမဲပေးခြင်း (Voting)...
- ခုံသမာဓိအဖြစ်ဆောင်ရွ...
- နိုင်ငံရေးနှင့် ယဉ်ကျေးမှု... ချက်များအား ငြိမ်းချမ်း... (Tolerant of political ...
- အများပြည်သူဆိုင်ရာ မူဝ... အကဲဖြတ်ခြင်းများတွင် ... (Participate in creatin... policy)

**ကျင့်ဝတ်ပိုင်းဆိုင်ရာအနေဖြ...**

- တရားမျှတမှုရှိခြင်းနှင့် ဥ... (To be just and lawfu...
- ပြည်သူ့နီတိများအား လို... civic-minded) (တစ်ဦးချင်းစီ၏ ကိုယ်ပိုင်... ခွင့်များအား ကျင့်သုံးရာတွ... ကောင်းစားရေးအတွက်... ကျင့်သုံးခြင်း)ဆိုသည့် တ...

ယင်းတာဝန်များအနက်မှ ...
မှန်ကန်သော ပြည်သူ့ကိုယ်စားလှ...
အတွက် ဆန္ဒမဲပေးခြင်း(Voting...
ဆောင်ရွက်ရတော့မည် ဖြစ်သည်။...

**မကြာမီ ကျင်းပပြုလုပ်မည့် ...
ကရေစီနိုင်ငံထူထောင်ရေး၏ ပထ...
First Step ဆိုသည် မည်မျှအရေ...
အသိအရ ကျွန်ုပ်တို့ ပြည်သူများ...
သည်။ ဒီမိုကရေစီ ထူထောင်ရေ...
မာမာဖြင့် မှန်ကန်သောလမ်းကြော...
ကျွန်ုပ်တို့၏ ဆန္ဒမဲတစ်ပြားသည် ...
ဒီမိုကရေစီကို အပြောမဟုတ်၊ အမှ...
နိုင်ရေးအတွက် လူမှန်များအား နေ...
တို့၏ နိုင်ငံသားအခွင့်အရေး (...
Citizen) ကို အကျိုးရှိစွာ၊ အမြေ...
ရမည်။ မဲမပေးရန် ဟန့်တားနှော...
တို့၏ နိုင်ငံသားအခွင့်အရေး ကျင့်...
ဖြစ်၍ ကျွန်ုပ်တို့လက်မခံပါ။ ထို့...
ပြည်သူများ နိုဝင်ဘာ(၇)ရက်တွင် မဲ...
စိတ်အားထက်သန်စွာဖြင့် မဲပေးကြ...**

ယခု ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲကြီးသည် နိုင်ငံသားအခွင့်အရေး (Fundamental Right of Citizen) ကို အပြည့်အဝနှင့် လွတ်လပ်စွာ ကျင့်သုံးနိုင်မည့် ရွေးကောက်ပွဲကြီးဖြစ်သည်ဟု ကျွန်ုပ်တို့ နိုင်ငံသူ နိုင်ငံသားများ သိမြင်နားလည်ကြသည်။ မဲပေးပိုင်ခွင့်ရှိသော နိုင်ငံသူ နိုင်ငံသားများက မိမိတို့ ပိုင်ဆိုင်သော အဆိုပါ နိုင်ငံသားအခွင့်အရေးကို တန်ဖိုးရှိရှိ အသုံးချကာ မိမိတို့၏ အကျိုးစီးပွားကို မှန်ကန်ဖြောင့်မတ်စွာ ဖော်ဆောင်ပေးနိုင်မည့် ကိုယ်စားလှယ်တော်ကြီးများအား မိမိတို့ စိတ်တိုင်းကျ ရွေးချယ်ကြပေတော့မည်။ ဤသည်မှာ ရွေးချယ်တင်မြှောက်ခွင့်ဆိုသော ပိုင်ခွင့် (Right) ကို ကျင့်သုံးခြင်းပင် ဖြစ်သည်။

ဒီမိုကရေစီကို အနှစ်သာရရှိစွာဖြင့် ကျင့်သုံးနိုင်ခဲ့ကြသည့်အတွက် ကျွန်ုပ်တို့ ပြည်ထောင်စုမြန်မာနိုင်ငံသူ နိုင်ငံသားများ တာဝန်ကျေခဲ့ကြသည်။ ဒီမိုကရေစီနိုင်ငံသားများအဖြစ်ဖြင့် ကျွန်ုပ်တို့ မဲဆန္ဒရှင်ပြည်သူများတွင် ပြည်သူ့နီတိတာဝန် (Civic Responsibilities) များ ရှိနေပါသေးသည်။ ယင်းတာဝန်များကို အကျဉ်းချုပ်ဖော်ပြရလျှင်-

**လူမှုရေးပိုင်းဆိုင်ရာအနေဖြင့်**

- ဆန္ဒမဲပေးခြင်း (Voting)
- ခုံသမာဓိအဖြစ်ဆောင်ရွက်ခြင်း(Serve on Juries)
- နိုင်ငံရေးနှင့် ယဉ်ကျေးမှုအလေ့အထ ကွဲပြားခြားနားချက်များအား ငြိမ်းချမ်းစွာလက်ခံခြင်း (Tolerant of political and cultural differences)
- အများပြည်သူဆိုင်ရာ မူဝါဒများ ချမှတ်ခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်းများတွင် ပါဝင်ဆောင်ရွက်ခြင်း (Participate in creating and evaluating public policy)

**ကျင့်ဝတ်ပိုင်းဆိုင်ရာအနေဖြင့်**

- တရားမျှတမှုရှိခြင်းနှင့် ဥပဒေများအား လိုက်နာခြင်း (To be just and lawful)
- ပြည်သူ့နီတိများအား လိုက်နာလိုစိတ်ရှိခြင်း (To be civic-minded)

  (တစ်ဦးချင်းစီ၏ ကိုယ်ပိုင်အခွင့်အရေးနှင့် လွတ်လပ်ခွင့်များအား ကျင့်သုံးရာတွင် လူ့အဖွဲ့အစည်းတစ်ရပ်လုံး ကောင်းစားရေးအတွက်လည်း ထည့်သွင်းစဉ်းစားကျင့်သုံးခြင်း)ဆိုသည့် တာဝန်များဖြစ်သည်။

ယင်းတာဝန်များအနက်မှ ယခုရွေးကောက်ပွဲကြီးတွင် မှန်ကန်သော ပြည်သူ့ကိုယ်စားလှယ်များ စိစစ်ရွေးချယ်ပေးရေးအတွက် ဆန္ဒမဲပေးခြင်း(Voting) ဆိုသော တာဝန်ကြီးကို ဆောင်ရွက်ရတော့မည် ဖြစ်သည်။

**မကြာမီ ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲကြီးသည် ဒီမိုကရေစီနိုင်ငံထူထောင်ရေး၏ ပထမခြေလှမ်းတစ်ရပ် ဖြစ်သည်။ First Step ဆိုသည် မည်မျှအရေးကြီးလှကြောင်းကို ဘဝပေးအသိအရ ကျွန်ုပ်တို့ ပြည်သူများ ကောင်းစွာ သိနားလည်ပါသည်။ ဒီမိုကရေစီ ထူထောင်ရေး ပထမခြေလှမ်းကို ခိုင်ခိုင်မာမာဖြင့် မှန်ကန်သောလမ်းကြောင်းပေါ် လျှောက်လှမ်းရေးတွင် ကျွန်ုပ်တို့၏ ဆန္ဒမဲတစ်ပြားသည် အလွန်ပင်အရေးပါလှသည်။ ဒီမိုကရေစီကို အပြောမဟုတ်၊ အမှန်တကယ် လက်တွေ့ကျင့်သုံးနိုင်ရေးအတွက် လူမှန်များအား နေရာမှန်ရောက်ရှိစေရန် ကျွန်ုပ်တို့၏ နိုင်ငံသားအခွင့်အရေး (Fundamental Right of Citizen) ကို အကျိုးရှိစွာ၊ အမြော်အမြင်ရှိစွာဖြင့် အသုံးချရမည်။ မဲမပေးရန် ဟန့်တားနှောင့်ယှက်လာခြင်းသည် ကျွန်ုပ်တို့၏ နိုင်ငံသားအခွင့်အရေး ကျင့်သုံးခွင့်ကို မတရားပိတ်ပင်ခြင်းဖြစ်၍ ကျွန်ုပ်တို့လက်မခံပါ။ ထို့အတွက် ကျွန်ုပ်တို့ မဲဆန္ဒရှင်ပြည်သူများ နိုဝင်ဘာ(၇)ရက်တွင် မဲရုံများသို့ အရောက်သွားလျက် စိတ်အားထက်သန်စွာဖြင့် မဲပေးကြမည်ဖြစ်ပါသည်။ ။**

## လှိုက်လှဲဝမ်းသာ မဲပေးပါ

* တစ်တိုင်းပြည်လုံး၊ ရွှင်ကြည်ပြုံး
စုရုံးရောက်လာ၊ မဲပေးပါ။

* ဒီမိုကရေစီ၊ ခေတ်သို့ရည်
စုံညီရောက်လာ၊ မဲပေးပါ။

* စနစ်သစ်ပုံ၊ ပါတီစုံ
အာရုံစိုက်ကာ၊ မဲပေးပါ။

* ပြည်သူ့အကျိုး၊ မျှော်ရည်ကိုး
အားကိုးထိုက်ရာ၊ မဲပေးပါ။

* အခြေခံမူ၊ အားသစ်ယူ
ကြည်ဖြူထိုက်ရာ၊ မဲပေးပါ။

* ရွေးအသည်းကြား၊ မဲတစ်ပြား
လွဲမှားကင်းစွာ၊ မဲပေးပါ။

* လေးစားထိုက်ဖွယ်၊ ကိုယ်စားလှယ်
ရွေးချယ်သေချာ၊ မဲပေးပါ။

* ရှေ့သို့မျှော်ရည်၊ မြန်မာပြည်
ရွှင်ကြည်လန်းဆန်း၊ ပန်းခင်းလမ်း
မျှော်မှန်းလေ့လာ၊ မဲပေးပါ။

* ရွှေခေတ်သို့ရည်၊ ဒို့တိုင်းပြည်
နှောင်ညီယှဉ်တွဲ၊ ခိုင်ခိုင်မြဲ
လှိုက်လှဲဝမ်းသာ၊ မဲပေးပါ။ ။

ပန်းတောင်းသန်းကြွယ်

## မဲပေးရာတွင် လိုက်နာဆောင်ရွက်သင့်သော အချက်များ

၁။ အချိန်မီ မြန်ဆန်စွာ မဲပေးနိုင်ရေး ကိုယ်စီ မိမိ၏ မဲစာရင်းအမှတ်ကို ကြိုတင်သိရှိထားနိုင်အောင် ဆောင်ရွက်ပါ။

၂။ မဲပေးရာတွင် မိမိ၏ မဲစာရင်းအမှတ်ကို မဲစာရင်းစစ်ဆေးသူထံ ပြောပြနိုင်ခြင်းအားဖြင့် ပိုမိုလျင်မြန်စေနိုင်သည်။

၃။ မိမိ၏ မဲလက်မှတ်ပေါ်တွင် မိမိဆန္ဒပြု မဲပေးလိုသော ကိုယ်စားလှယ်နှင့် တံဆိပ်သင်္ကေတဘေးရှိ လေးထောင့်ကွက်အတွင်း၌ အမှန်ခြစ် ခြစ်ပါ။

၄။ မိမိ၏ မဲလက်မှတ်ပေါ်တွင် မိမိခြစ်လိုသော အမှန်ခြစ်မှအပ အခြားရေးသားမှုတစ်စုံတစ်ရာ မပြုလုပ်ရပါ။

၅။ မိမိ၏ မဲလက်မှတ်ပေါ်တွင် ဆန္ဒပြုရာတွင် အမှန်(သို့မဟုတ်) အမှားဟု ခွဲခြားဆုံးဖြတ်နိုင်ခြင်းမရှိသော သင်္ကေတမျိုးအား မရေးခြစ်ရပါ။

၆။ မဲလက်မှတ်ကို မစုတ်ပြဲစေရပါ။

၇။ ထိုသို့ ဆန္ဒပြုပြီးသော မဲလက်မှတ်အား ခေါက်ချိုးချိုး၍ သက်ဆိုင်ရာမဲပုံးတွင် ထည့်ပါ။

## မဲပေးရာတွင် ‘ပယ်မဲ’ မဖြစ်စေရေး သတိပြုရန် အချက်များ

**သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၆၆(ဂ)တွင် အောက်ပါဆန္ဒမဲလက်မှတ်မျိုးကို ပယ်ရမည်ဟု ပြဋ္ဌာန်းဖော်ပြထားသည်-**

(၁) ကော်မရှင်က အတည်ပြုထားသော အမှတ်အသားမပါသည့် ဆန္ဒမဲလက်မှတ်၊

(၂) မဲရုံမှူးလက်မှတ်မပါသည့် ဆန္ဒမဲလက်မှတ်၊

(၃) လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ ဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(၄) ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်၊

(၅) ဆန္ဒပြုထားခြင်းမှာ မသေချာ မထင်ရှားသော ဆန္ဒမဲလက်မှတ်၊

(၆) ဆန္ဒမဲလက်မှတ် အတုဖြစ်သည်ဟု မဲရုံမှူးက ဆုံးဖြတ်သည့် ဆန္ဒမဲလက်မှတ်၊

(၇) ဆန္ဒမဲပေးသူကို သိရှိနိုင်အောင် အမှတ်အသားပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(၈) ဆုတ်ဖြဲထားသည့် ဆန္ဒမဲလက်မှတ်။

**ပယ်မဲဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများ ရှင်းလင်းလွယ်ကူစွာ နားလည်သဘောပေါက်စေရန် ရှင်းလင်းရလျှင်-**

(၁) မဲဆန္ဒရှင်သည် ဆန္ဒမဲလက်မှတ်ပေါ်ရှိ မိမိဆန္ဒပြုလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးတည်း၏ အမည်နှင့် သင်္ကေတအမှတ်အသားတည့်တည့်တွင်ရှိသော လေးထောင့်ကွက်အတွင်း၌သာ အမှန်(✔) အမှတ်အသားကို ရေးခြစ်၍ ဆန္ဒပြုရမည်။

(၂) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးထက်ပို၍ ယင်းတို့၏ အမည်၊ သင်္ကေတတို့ဘေးရှိ လေးထောင့်ကွက်များတွင် အမှန်(✔) အမှတ်အသားများကိုဖြစ်စေ၊ အမှား(✘) အမှတ်အသားများကိုဖြစ်စေ ရေးခြစ်ထားပါက **“ပယ်မဲ”** အဖြစ် သတ်မှတ်မည်။

(၃) လုံးဝဆန္ဒပြုထားခြင်းမရှိလျှင်လည်း **“ပယ်မဲ”** အဖြစ် သတ်မှတ်မည်။

(၄) ဆန္ဒပြုရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးတည်းကိုသာ ဆန္ဒပြုထားခြင်းဖြစ်သော်လည်း အမှန်(✔) သို့မဟုတ် အမှား(✘)ဟု ခွဲခြားဆုံးဖြတ်နိုင်ခြင်း မရှိသည့် ဆန္ဒမဲလက်မှတ်ကိုလည်း **“ပယ်မဲ”** အဖြစ် သတ်မှတ်မည်။

(၅) သို့ရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးတည်းကိုသာ ဆန္ဒပြုထားခြင်းဖြစ်ပြီး မဲဆန္ဒရှင် ရေးခြစ်ထားသည့် အမှန်(✔) အမှတ်အသားမှာ အမှန်ခြစ်(✔) ခြစ်ကြောင်း သိသာထင်ရှားပါက သတ်မှတ်ထားသည့် လေးထောင့်ကွက်အတွင်း ဝင်သည်ဖြစ်စေ၊ ဘောင်ကိုကျော်လွန်၍ ရေးခြစ်သည်ဖြစ်စေ၊ အတည့်ခြစ်သည် ဖြစ်စေ၊ ဘေးတိုက်ခြစ်သည်ဖြစ်စေ၊ အမှန်(✔)အမှတ်အသား၌ အကောက်ပါသည် ဖြစ်စေ၊ မပါသည်ဖြစ်စေ မဲဆန္ဒရှင်၏ ဆန္ဒအမှန်ဖြစ်သည်ဟု မှတ်ယူပြီး ခိုင်လုံသည့် ဆန္ဒမဲအဖြစ် သတ်မှတ်နိုင်သည်။

ဆန္ဒမဲခိုင်လုံသည်၊ မခိုင်လုံသည်ကို မဲရုံမှူးက ဆုံးဖြတ်မည်ဖြစ်ပြီး မဲရုံမှူးက ပယ်သည့် ဆန္ဒမဲလက်မှတ်များကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များအား ကြည့်ရှုရန် အခွင့်အရေးပေးမည်၊ ပယ်သည့်အကြောင်းကိုလည်း သတ်မှတ်ပုံစံဖြင့် မှတ်တမ်းတင်ထားမည်ဖြစ်ပါသည်။

# ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) အဆင့်မြှင့်တိုးချဲ့တည်ဆောက်မည်

## ပွဲကြည့်ပရိသတ် ၂၀၀၀၀ ဆံ့မှ ၅၀၀၀၀ ဆံ့အထိ တိုးချဲ့မည်

## ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) အဆင့်မြှင့် တိုးချဲ့တည်ဆောက်မည့် အစီအမံများနှင့် စပ်လျဉ်း၍ လိုအပ်သည်များမှာကြား

### လှည့်လည်ကြည့်ရှုစစ်ဆေး

**ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) တိုးချဲ့ဆောက်လုပ်မည့် အစီအစဉ်များအား လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

ရန်ကုန် နိုဝင်ဘာ ၄

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း လိုက်ပါလျက် ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်ရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)သို့ ရောက်ရှိသည်။**

ထို့နောက် ဗိုလ်ချုပ်တင်ငွေသည် လူငယ် အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) တိုးချဲ့ဆောက်လုပ်မည့် အစီအစဉ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) အဆင့်မြှင့်တိုးချဲ့တည်ဆောက်မည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်တင်ငွေက လိုအပ်သည်များ မှာကြားသည်။

လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)သည် လက်ရှိအခြေအနေအရ ပွဲကြည့်ပရိသတ် ၂၀၀၀၀ဆံ့ရာမှ တိုးတက်လာသော လူဦးရေနှင့်အညီ လိုက်လျောညီထွေဖြစ်စေရန်အတွက် ပရိသတ် ၅၀၀၀၀ ဆံ့သို့ အဆင့်မြှင့် တိုးချဲ့တည်ဆောက်သွားမည်ဖြစ်သည်။ ယင်းသို့ တည်ဆောက်ရာတွင် အရှေ့ဘက်ပွဲကြည့်စင်၊ တောင်ဘက်ပွဲကြည့်စင်နှင့် မြောက်ဘက်ပွဲကြည့်စင်တို့ကို အမိုးအပါအဝင် နှစ်ထပ်မှ လေးထပ်သို့ အဆင့်မြှင့် တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းများ အမြန်ပြီးစီးရေး ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)



**ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) တိုးချဲ့ဆောက်လုပ်မည့် အစီအစဉ်များအား လှည့်လည်ကြည့်ရှု စစ်ဆေးစဉ်။** (သတင်းစဉ်)



### မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၅-၁၁-၂၀၁၀ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၂၅ ၈။ "လူကူးမျဉ်းကျားမှကူးမယ် A"
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄:၂၅ ၄။ နှောင်းခေတ်တေးပဒေသာ
- ၄:၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
- ၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၀ ၇။ တေးဂီတအစီအစဉ်
- ၅:၃၀ ၈။ "ရိုးသားဖြူစင်ကလေးတို့အသွင်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၁။ ရသစုံလင်အင်တာနက်ဥယျာဉ်
- ၆:၅၀။ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ 'ကာရံမဲ့----ရင်ခုန်သံ' (အပိုင်း-၈)
- ၇:၄၅ ၁၃။ "ဘယ်လိုမဲပေးကြမှာလဲ" (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ)
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ "ဒီမိုမွေးနေ့" (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ)
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ "နိုင်ငံအဝန်းခွင့်လမ်းညီတူပညာမွန်"
- ၁၉။ လျှပ်တစ်ပြက်ဟာသများ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ပထမတွဲ)(အပိုင်း-၃၄)**
- ၂၁။ သီချင်းချစ်သူ
- ၂၂။ အစီအစဉ်ပြီး၏။

### ရှင်းလင်းတင်ပြ

**ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေအား လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) တိုးချဲ့တည်ဆောက်မည့် အစီအမံများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)







## ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

နေပြည်တော် နိုဝင်ဘာ ၄

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် သိသိသာသာပိုခဲ့ပြီး ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် အနည်းငယ်ပိုခဲ့ကာ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် အနည်းငယ်လျော့နည်းခဲ့သည်။ ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် သိသိသာသာလျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** နမ့်စန်မြို့နှင့် လွိုင်လင်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီနှင့် ဟဲဟိုးမြို့တွင် ၉ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ ။** ယနေ့မြန်မာစံတော်ချိန် ၁၂နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် သိသိသာသာရွေ့လျားခြင်းမရှိဘဲ အိန္ဒိယနိုင်ငံ ပို့ဘလဲယားမြို့ (Port Blair)၏ အနောက်တောင်ဘက် မိုင် ၂၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ပွဲကြည့်ပရိသတ် ၂၀၀၀၀ဆံ့ လက်ရှိ လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ပုံစံငယ်ကို တွေ့ရစဉ်။
*(သတင်း-စာမျက်နှာ ၁၀)*
(သတင်းစဉ်)

**ပရိသတ် ၅၀၀၀၀ဆံ့သို့ အဆင့်မြှင့်တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများ အမြန်ပြီးစီးရေး ဆောလျင်စွာ အကောင် အထည်ဖော် ဆောင်ရွက်သွားမည်။**



ပွဲကြည့်ပရိသတ် ၅၀၀၀၀ ဆံ့ အဆင့်မြှင့် တိုးချဲ့တည်ဆောက်မည့် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ပုံစံငယ်ကို တွေ့ရစဉ်။
*(သတင်း - စာမျက်နှာ ၁၀)*
(သတင်းစဉ်)

## နိုဝင်ဘာ(၇)ရက်တွင်ကျင်းပမည့် ရွေးကောက်ပွဲ၌ နိုင်ငံတစ်ဝန်း မဲဆန္ဒရှင်ပြည်သူများ စနစ်တကျဆန္ဒမဲပေးနေမှုနှင့် မဲရေတွက်မှုတို့ကို ကြည့်ရှုလေ့လာနိုင်ရန် ပြည်တွင်းရှိ နိုင်ငံခြားသံတမန်များ၊ ပြည်တွင်းအခြေစိုက် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပြည်တွင်းရှိ နိုင်ငံခြားသတင်းထောက်များ၊ ပြည်တွင်း ဂျာနယ်၊ မဂ္ဂဇင်းများမှ သတင်းထောက်များအား ဖိတ်ကြားထား

**နေပြည်တော် နိုဝင်ဘာ ၄**

၂၀၁၀ ခုနှစ် နိုဝင်ဘာ (၇) ရက်တွင် ကျင်းပမည့် လွှတ်တော်အသီးသီး၏ ရွေးကောက်ပွဲများ၌ နေပြည်တော်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများက စနစ်တကျ ဆန္ဒမဲပေးနေမှုနှင့် မဲရေတွက်မှုတို့ကို ကြည့်ရှုလေ့လာနိုင်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံအမတ်ကြီးများ၊ သံရုံး ယာယီတာဝန်ခံများနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်း ဂျာနယ်နှင့် မဂ္ဂဇင်းများမှ စာတည်းအဖွဲ့ဝင်များနှင့် သတင်းထောက်များအား သက်ဆိုင်ရာမှ ဖိတ်ကြားထားကြောင်းနှင့် တာဝန်ရှိသူများက လိုက်လံပြသရန် စီစဉ်ထားရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ရေနံချောင်းဒေသကောလိပ် (၁၉၇၇ - ၈၂) အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၄**

ရေနံချောင်းဒေသကောလိပ်(၁၉၇၇-၈၂) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၂ ရက်(စနေနေ့)မွန်းလွဲ ၁ နာရီတွင် ရေနံချောင်းမြို့ ရေနံချောင်း ဒီဂရီကောလိပ် ပတ္တမြားခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် လှူဒါန်းလိုပါက ရန်ကုန်မြို့တွင် ဦးမြင့်ဌေး ဖုန်း-၀၉-၅၁၄၃၆၁၄၊ ဒေါ်မြင့်မြင့်ဌေး ဖုန်း-၀၉-၅၁၄၅၁၁၈၊ နေပြည်တော်တွင် ဗိုလ်မှူးဝင်းသန့် ဖုန်း-၀၆၇-၄၀၇၄၇၃၊ ၀၉-၄၉၂၂၁၆၇၀၊ ဦးဝင်းအောင် ဖုန်း-၀၆၇-၄၀၈၃၆၀၊ ရေနံချောင်းမြို့တွင် ဦးမောင်မောင်နိုင် ဖုန်း-၀၉-၅၃၃၇၀၉၀၊ ဦးမောင်မောင်စိုး ဖုန်း-၀၉-၅၃၃၇၃၁၅၊ မကွေးမြို့တွင် ဦးဝင်းမောင်ဌေး ဖုန်း-၀၉-၅၃၄၁၀၇၆၊ တောင်တွင်းကြီးမြို့တွင် ဒေါ်ခင်အုန်းသန်း ဖုန်း-၀၆၃-၅၀၆၄၄၊ နတ်မောက်မြို့တွင် ဦးမြတ်သိန်းထွန်း ဖုန်း-၀၆၃-၆၉၂၂၁၊ အောင်လံမြို့တွင် ဒေါ်တင်တင်အေး၊ ဒေါ်မြမြဝင်း ဖုန်း-၀၆၉-၂၁၄၂၉၊ ချောက်မြို့တွင် ဒေါ်ဝါဝါရွှေ ဖုန်း-၀၆၁-၂၁၃၀၇၊ မင်းဘူး၊ စကု၊ မင်းလှတွင် ဒေါ်ဆွေဆွေလင်း ဖုန်း-၀၆၅-၄၀၁၁၅၊ ပွင့်ဖြူ၊ စလင်း၊ ဆင်ဖြူကျွန်းတွင် ဒေါက်တာချစ်ကိုကို ဖုန်း-၀၉-၅၃၃၇၃၇၀၊ ပြည်၊ ကံမတွင် ဒေါက်တာကျော်မင်း ဖုန်း-၀၉-၅၃၁၂၃၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ အာစရိယပူဇော်ပွဲသို့ ရန်ကုန်မြို့မှ လိုက်ပါမည့် ကျောင်းသား၊ကျောင်းသူဟောင်းများအနေဖြင့် ဒီဇင်ဘာ ၃၁ရက် နောက်ဆုံးထား၍ ဆက်သွယ် စာရင်းပေးပို့နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)


## သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲ ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။**

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

## နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရခိုင်ပြည်နယ်အတွင်း ဂီရိမုန်တိုင်းဒဏ်သင့် ကျွန်းသာယာကျေးရွာ၊ ကျောက်ဖြူမြို့နှင့် မာန်အောင်မြို့တို့၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်

နေပြည်တော် နိုဝင်ဘာ ၄

**ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး မြေပုံမြို့နယ် ကျွန်းသာယာကျေးရွာသို့ နံနက် ၈ နာရီ မိနစ် ၄၀ တွင် ရောက်ရှိသည်။**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျေးရွာရပ်မိ ရပ်ဖများနှင့်တွေ့ဆုံပြီး လေဘေးသင့်သူများအား ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေပေးမှုအခြေအနေနှင့် ယာယီနေရာချထားနေထိုင်မှု အခြေအနေများကို မေးမြန်းပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ကယ်ဆယ်ရေးစခန်းရှိ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းမှ ဆရာဝန်နှင့် သူနာပြုများအား ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေနှင့် ဆေးဝါးများရရှိမှု အခြေအနေတို့ကို မေးမြန်းပြီး ကယ်ဆယ်ရေးစခန်း၌ နေထိုင်သူများ ကျန်းမာရေးနှင့် **စာမျက်နှာ ၄ ကော်လံ ၁ သို့◆**



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မြေပုံမြို့နယ် ကျွန်းသာယာကျေးရွာ၌ လေဘေးသင့်ပြည်သူများအား ပေးအပ်မည့် ထောက်ပံ့ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

## ဘင်္ဂလားပင်လယ်အော်ရှိ မုန်တိုင်းငယ် အဝါရောင်အဆင့်သာဖြစ်

**နေပြည်တော် နိုဝင်ဘာ ၄**

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အနောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ချင်းနိုင် (Chennai)မြို့၏ အရှေ့တောင်ဘက် မိုင် ၆၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိဟု သတ်မှတ်သည်။

မုန်တိုင်းငယ်၏အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

*"လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ကို ပွဲကြည့်ပရိသတ်(၅၀၀၀၀)ဆံ့အထိ တိုးချဲ့တည်ဆောက်မည်"သတင်းကို စာမျက်နှာ(၁၀၊ ၁၁)တွင် ဖတ်ရှုနိုင်ပါသည်။*

**ငွေအောင်၏**

*"ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိသော ပညာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်မှုများ"*

**သတင်းဆောင်းပါး**

စာမျက်နှာ - (၆၊ ၇)